သာမာန်ဒုတိယတနင်္ဂနွေနေ့ ဇန်နဝါရီ ၁၄ ရက် ၂၀၂၄

ယောဟန် ၁:၃၅–၄၂ ထောက်ရှုချက်

သင်ဘာကိုရှာကြပါသလဲ– ဒီနေ့ဝေံဂေလိကျမ်းက ကျွန်ုပ်တို့ကို
ခေါ်တော်မူခြင်းအကြောင်းကို သင်ကြားပါတယ်။
ယောဟန်ရဲ့တပည့်နှစ်ဦးအကြောင်းကိုတွေ့ရပါတယ်။ ယောဟန်က
သူ့ရဲ့တပည့်တွေကို ဘုရား၏သိုးငယ်တော်ကိုကြည့်လော့ ဆိုပြီး
လက်ညှိုးထိုးပြပါတယ်။ ယောဟန်က သူ့ရဲ့ခေါင်းဆောင်မှုဟာ ယာယီပါဘဲ–
ဆိုတာကိုဝန်ခံခြင်းဖြစ်ပါတယ်။ ဒါဟာနှိမ့်ချခြင်းကို ကျင့်ဆောင်တဲ့ပုဂ္ဂိုလ်ဖြစ်ကြောင်း
သိမြင်စေပါတယ်။ ဒီတပည့်တော်နှစ်ဦးက
ခရစ်တော်ရဲ့နောက်တော်ကိုလိုက်ဘို့အတွက်
(စပ်စုချင်တဲ့သဘောလည်းဖြစ်နိုင်ပါတယ်) ကိုယ်တော်ဆီကို သွားခဲ့ပါတယ်။
သခင်ဘုရားကသူတို့ကိုမေးပါတယ်။ သင်တို့အဘယ်အရာကို ရှာကြပါသနည်း။

ဒီနေ့မှာ သခင်ဘုရားက ကျွန်ုပ်တို့အား အဲဒီမေးခွန်းကို မေးပါတယ်။
ဘုရားကကျွန်ုပ်တို့ဆီက ဘာများအလိုရှိပါသလဲ ဆိုပြီး
ကျွန်ုပ်တို့စဉ်းစားတတ်တဲ့သဘော ရှိပါတယ်။ ဒါပေမဲ့ ဒီကျမ်းပိုဒ်အရဆိုရင်
ကျွန်ုပ်တို့တွေ ဘာကိုများရှာဖွေသလဲဆိုပြီး ဘုရားဘက်က
သိချင်တဲ့သဘောရှိပါတယ်။ ကျွန်ုပ်တို့ဘက်ကအဖြေက ဘုရားနဲ့ပတ်သက်တဲ့
လူတွေနဲ့ပတ်သက်တဲ့ ကျွန်ုပ်တို့ဝန်းကျင်နဲ့ပတ်သက်တဲ့ ကျွန်ုပ်တို့ရဲ့
ဦးစားပေးမှုများဘဲ ဖြစ်ပါတယ်။

ဘဝမှာတကယ်ဘဲ ကျွန်ုပ်တို့ဘာကိုအလိုရှိပါသလဲ။ ဘုရားဆီကနေ
ဘာကိုအလိုရှိပါသလဲ။ လွယ်ကူတဲ့မေးခွန်းတော့မဟုတ်ပါဘူး။ ဒါပေမဲ့
လက်ရှိအချိန်မှာ ကျွန်ုပ်သည် ဘယ်အနေအထားမှာရှိနေပါသလဲ။ ဒီမေးခွန်းက
ကျွန်ုပ်တို့ရဲ့အသက်အရွယ်အပိုင်းအခြားအလိုက် မတူညီတဲ့အခြေအနေအလိုက်
ပြောင်းလဲသွားတဲ့အခြေအနေအလိုက် ပြန်လည်ဖြေကြားရမှာ ဖြစ်ပါတယ်။

(လာ၍ကြည့်ပါ)–(ကိုယ်တော်အဘယ်မှာနေတော်မူပါသနည်း) တနည်းအားဖြင့် ကိုယ်တော်ကို ဘယ်နေ ရာမှာ ရှာဖွေတွေ့ရှိနိုင်ပါမည်နည်း။ ကိုယ်တော်နှင့်အတူနေရန်အတွက် ကိုယ်တော်ကို တွေ့မြင်နိုင်ဘို့အတွက် အဘယ်နေရာကို သွားရမည်နည်း။ ကျွန်ုပ်အသက်တာရဲ့ ဘယ်နေရာမှာ ကိုယ်တော့်ကို မြင်တွေ့နိုင်မှာလဲ။ (သင်တို့ဘာကိုရှာဖွေနေကြသလဲ) ဆိုပြီးသခင်ဘုရားရဲ့မေးခွန်းအတွက် အထက်ကမေးခွန်းတွေဟာ ကျွန်ုပ်တို့အတွက် သခင်ကို ပြန်ပြီးမေးနိုင်တဲ့ အချက်များဖြစ်ပါတယ်။

သခင်ဘုရားရဲ့ ပြန်လည်ဖြေကြားချက်ကတော့ (လာ၍ကြည့်ပါ)။

သခင်ဘုရားကိုသိခြင်းဆိုတာ ဗဟုသုတဆိုတဲ့အသိမျိုးနဲ့ကွဲပြားပါတယ်။ ဒေါ့ဂမာတို့ မော်ရယ်သီအော်လော်ဂျီနဲ့လဲ ကွဲပြားပါတယ်။ သာသနာတော်ကြီးရဲ့ စည်းကမ်းဥပဒေတွေကိုကျွမ်းကျင်ပြီး သင်ကြားပြသရေးဘက်မှာ ကျွမ်းကျင်တာနဲ့လဲ မတူပါဘူး။ ခေတ်သစ်ဖာရိရှဲများ ဒီအရာတွေမှာ တတ်ကျွမ်းကြပါတယ်။

သခင်ဘုရားကိုသိခြင်းဆိုတာ ကိုယ်တိုင်ကိုယ်ကျ အတွေ့အကြုံနဲ့ဆိုင်ပါတယ်။ ဘာသနာတော်ရဲ့ (ဘုရားစကားလို့ခေါ်တဲ့) သင်ကြားမှုတွေကို အာဂုံဆောင်အလွတ်ရတာမျိုး ဖြစ်တယ်ဆိုပေမဲ့ သခင်ဘုရားကို မည်သူမည်ဝါဖြစ်ကြောင်း ကိုယ်တိုင်ကိုယ်ကျသိခြင်းကတော့ ကွာခြားပါတယ်။

ဒီနေ့ဧဝံဂေလိကျမ်းအရဆိုရင် နေ့စဉ်အသက်တာမှာ ကိုယ်တော်ကိုရှာဖွေရမယ်။ ကိုယ်တော်ကိုတွေ့ရှိရမယ်။ ကိုယ်တော်ကို ပြန်လည်ဖြေကြားရမယ်။

အကြွင်းမဲ့ချစ်ခြင်းနဲ့ ကိုယ်တော်ပြသခဲ့တဲ့ ပုံသက်သေအတိုင်း မိမိလက်ဝါးကားတိုင်ကို ထမ်းခြင်း ဖြစ်ပါတယ်။ (လာ၍ကြည့်ပါ)။ ဒီလမ်းဘဲရှိပါတယ်။ တခြားလမ်းမရှိပါဘူး။

တပည့်တော်နှစ်ပါးတို့ဟာ ဖိတ်ခေါ်ခြင်းကို လက်ခံခဲ့ကြပါတယ်။

( သူတို့လာကြပြီး ကိုယ်တော်ဘယ်မှာနေသလဲဆိုတာ တွေ့မြင်ခဲ့ကြတယ်။ အဲဒီနေ့မှာဘဲ ကိုယ်တော်နဲ့အတူတူနေခဲ့ကြပါတယ်)

သခင်ဘုရားနဲ့အတူတူနေခြင်းရဲ့နောက်ဆက်တွဲက ဘာတွေလဲ။ နှစ်ဦးထဲတဦးဖြစ်တဲ့ အန်ဒြူးက စိတ်အားထက်သန်တဲ့နောက်လိုက်တဦးဖြစ်လာရုံမကဘဲ ဒေသနာကိုဖြန့်ဝေသူဖြစ်လာခဲ့ပါတယ်။ ကိုယ်တော်နောက်ကိုလိုက်ခြင်းနဲ့ သတင်းကောင်းဖြန့်ဝေခြင်းဆိုတာ ခွဲခြားထားလို့မရပါဘူး။ သီးခြားမဟုတ်ပါဘူး။ ချက်ခြင်းဆိုသလို သူ့ရဲ့ညီအကိုတော်သူ စီမွန်ဆီကိုသွားပြီး (မက်ဆီးယားကို တွေ့ပြီလို့) ပြောပြပါတယ်။

အဲဒီကနေ စီမွန်က ပီတယ် ဆိုတဲ့နာမည်ကိုရရှိပြီး ကိုယ်တော်နောက်ကိုလိုက်သူကနေတဆင့် တမန်တော်ကြီး အဲဒီကနေ အသစ်သောအသင်းကဖွဲ့ကြီးရဲ့ ဦးစီးခေါင်းဆောင်ဖြစ်လာခဲ့ပါတယ်။

သတိပြုနိုင်တဲ့အချက်က အနာဂတ်အရေးကြီးတဲ့လုပ်ဆောင်မှုတွေအတွက် ရွေးချယ်ခံရတယ်ဆိုပေမဲ့ ခရစ်တော်ဘုရားက သံပေတရူးကို တိုက်ရိုက်မခေါ်ခဲ့ပါဘူး။ သူ့ရဲ့ညီအကိုတော်စပ်သူအားဖြင့် သူ့ကိုခေါ်ပါတယ်။ ဒီလိုမျိုးကိစ္စတွေက မကြာခဏတွေ့ရှိရတဲ့အရာဖြစ်ပါတယ်။ သန့်ရှင်းသောသူတော်သူမြတ်များတောင်မှာ တပါးသောသူအားဖြင့်ခေါ်ခြင်းခံခဲ့ရပါတယ်။ တခါတလေ သူတို့ထက်ငယ်ရွယ်ပြီး သူတို့လောက်အဆင့်အတန်းမရှိတဲ့သူတွေအားဖြင့် ခေါ်ခြင်းခံရပြီး ခရစ်တော်ဆီကို ပို့ဆောင်ခြင်းခံရပါတယ်။ ကျွန်ုပ်တို့တဦးစီတဦးစီရဲ့ဘဝမှာလည်း ပြန်ကြည့်ရင် ယုံကြည်သူအသိုင်းအဝိုင်းထဲကိုရောက်ရှိဘို့အတွက် တပါးသူ တစုံတယောက်သောသူအားဖြင့် ပို့ဆောင်ခြင်းခံရတာကို မြင်တွေ့နိုင်ပါတယ်။

ထောက်ရှုချက်- ဘာကိုလုပ်ဆောင်ဘို့ ဘုရားက ကျွန်ုပ်ကို အခုခေါ်နေပါသလဲ။ ဘုရားက ကျွန်ုပ်အားလုပ်စေချင်သောအရာကို လုပ်ဆောင်ဘို့ ကျွန်ုပ်ဘက်က ကိုယ်တော်ကို နားစွင့်နေတဲ့ အနေအထားမှာရှိပါရဲ့လား။

သခင်ယေရှုးဆီရောက်ဘို့အတွက် သူတို့ကိုပို့ဆောင်ဘို့ ဘယ်သူတွေက ကျွန်ုပ်ကို စောင့်မျှော်နေပါသလဲ။ ဘယ်သူတွေက ဖိတ်ခေါ်ခြင်းကို စောင့်မျှော်နေပါသလဲ။

ကျွန်ုပ်တို့သက်သေခံခြင်းရဲ့အနှစ်သာရက သခင်ဘုရားကို ကျွန်ုပ်တို့ကိုယ်တိုင်သိမြင်တယ်၊ ကိုယ်တိုင်တွေ့ကြုံခံစားရတယ်။ အခု ကျွန်ုပ်တို့ယုံကြည်ပြီး တခြားသူများကို (လာ၍ကြည့်ပါ) ဆိုပြီး ဖိတ်ခေါ်နိုင်မှာ ဖြစ်ပါတယ်။ တခြားသူတွေက သခင်ဘုရားကို ကျွန်ုပ်တို့ရဲ့အသက်တာမှာ မြင်တွေ့လာကြမှာဖြစ်ပါတယ်။ ကိုယ်တော်ရဲ့မေတ္တာတော်ကို ဝေငှခြင်း၊ အခွင့်လွှတ်ခြင်း၊ တွေ့ကြုံရတဲ့သူတွေအတွက် ကောင်းကျိုးကိုဖြစ်စေဘို့ ကျွန်ုပ်တို့အချိန်ပေးခြင်းအားဖြင့် ဖြစ်နိုင်ပါတယ်။

(လာ၍ကြည့်ပါ) ပထမဦးစွာ သခင်ဘုရားနဲ့ ကျွန်ုပ်တို့ကြား ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံသိကျွမ်းခြင်းက လွန်စွာပင် အရေးကြီးတာလို့ ကျွန်ုပ်တို့ ခံယူပြီး ကိုယ်တော်ကို တွေ့မြင်သိရှိလာအောင် ဆုတောင်းလျက် ကြိုးစားကြပါစို့။